ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# မြန်မာ့ပြောင်းများ ထိုင်းနိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့်
# ပို့ကုန်လမ်းညွှန်ချက်များ

**ရက်စွဲ၊ ၂၀၂၃ ခုနှစ်**

ကန့်သတ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မြန်မာ့ပြောင်းတင်ပို့မှု | ၁-၅ |
| ၃။ | မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု | ၆-၇ |
| ၄။ | ပြည်ပသို့ပြောင်းတင်ပို့ရာ၌ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်းများ | ၇-၈ |
| ၅။ | ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့နေသည့်နိုင်ငံများ | ၈-၉ |
| ၆။ | ထိုင်းနိုင်ငံ၏ ပြောင်းသီးနှံတင်သွင်းမှုဆိုင်ရာမူဝါဒ | ၉-၁၀ |
| ၇။ | ပြောင်းအတွက် ထိုင်းနိုင်ငံမှ ကောက်ခံလျက်ရှိသော ပုံမှန်အကောက်ခွန်နှုန်းထားများနှင့် အကောက်ခွန်သက်သာခွင့်နှုန်းထားများ | ၁၀-၁၁ |
| ၈။ | နိဂုံး | ၁၁-၁၂ |

# မြန်မာ့ပြောင်းများ ထိုင်းနိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့် ပို့ကုန်လမ်းညွှန်ချက်များ

**နိဒါန်း**

၁။ မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများအနက် တိရစ္ဆာန်မွေးမြူရေးအစာနှင့် ပြည်ပပို့ကုန်အတွက် အဓိကအားထားရသောသီးနှံမှာ ပြောင်းသီးနှံဖြစ်ပါသည်။ ပြောင်းသီးနှံသည် ကမ္ဘာ့ဝယ်လိုအားများသကဲ့သို့ စိုက်ပျိုးသူများကိုလည်း အကျိုးအမြတ်ပေးနိုင်သော သီးနှံဖြစ်၍ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သင့်သော သီးနှံတစ်ခုဖြစ်ပါသည်။ ဖက်အတွက် စိုက်ပျိုးသည့် ဖက်ပြောင်းနှင့် အဖူးကိုစားသုံးရန် ရည်ရွယ်သည့် ဖူးစားပြောင်းစိုက်ပျိုးခြင်းများရှိသော်လည်း အစေ့အတွက် စိုက်ပျိုးမှုမှာ အများဆုံးဖြစ်ပါသည်။ အစေ့ထုတ်ပြောင်းမှ လူနှင့်တိရစ္ဆာန် အစားအစာသာမကစားသုံးဆီ၊ ဇီဝလောင်စာဆီ၊ ကော်စသည့် ပစ္စည်းမျိုးစုံ ထုတ်လုပ်နိုင်ပါသည်။

၂။ လယ်ယာထွက်ကုန်သီးနှံများအနက် ဆန်၊ ပဲအမျိုးမျိုးအပြင် ဈေးကွက်နှင့် ပို့ကုန်အခြေအနေ လိုအပ်ချက်ရှိသည့်သီးနှံများအား ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရာတွင် ပြောင်းသည် ဈေးကွက် ခိုင်မာ၍ အလားအလာရှိသော သီးနှံဖြစ်ပါသည်။ ကမ္ဘာ့ပြောင်းထွက်ရှိမှု တန်ချိန် သန်း (၁၁၀၀) ကျော်တွင် မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် တန်ချိန် ၂ ဒသမ ၃ သန်းခန့် ထွက်ရှိသည်ဟု စာရင်းအင်းများအရ သိရှိရပြီး ပြည်တွင်း အစာစပ်လုပ်ငန်းများမှ တန်ချိန် ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၅ သန်းအထိ သုံးစွဲသည့်အတွက် မြန်မာ့ပြောင်းသီးနှံသည် ပြည်တွင်းဈေးကွက် ဝယ်လိုအားမြင့်သကဲ့သို့ မျိုးဗီဇ ပြုပြင်ထားခြင်းမရှိသော Non-GMO ပြောင်းများ ဖြစ်သည့်အတွက် ပြည်ပဈေးကွက် အလားအလာကောင်းသော သီးနှံဖြစ်ပါသည်။

၃။ ပြောင်းတင်ပို့မှုတွင် ပုံမှန်ကုန်သွယ်မှုအပြင် နယ်စပ်ကုန်သွယ်ရေး နည်းလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့မှု၊ ပင်လယ်ရေကြောင်းမှ အခြားသောနိုင်ငံများသို့ တင်ပို့မှုနှင့် ပြည်တွင်းရှိ အစာစက်ရုံများ၏ ဝယ်လိုအားအခြေအနေများသည် ပြည်တွင်း ပြောင်းဈေးကွက်ကို မြင့်မားစေနိုင်သည့် အချက်များဖြစ်ကြောင်း သိရှိရပါသည်။

**မြန်မာ့ပြောင်းတင်ပို့မှု**

၄။ ဆယ်စုနှစ်အတွင်း ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်က ပြောင်းတန်ချိန် (၆) သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၂၀၁) သန်းခန့်ရှိရာမှ နှစ်စဉ် ပိုမိုစိုက်ပျိုးထုတ်လုပ် တင်ပို့လာနိုင်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြောင်းတန်ချိန် (၂၆) သိန်းကျော်အထိ ဆယ်စုနှစ်အတွင်း ထုတ်လုပ်တင်ပို့မှုအများဆုံးဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် (Mini Budget) အထိ နိုင်ငံ၏ ပြောင်းတင်ပို့နိုင်မှုဈေးကွက်သည် မူဆယ်နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တရုတ်ဈေးကွက်သို့ ရာနှုန်းပြည့်နီးပါး

မှီခိုနေရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် (၆) သိန်းကျော် ဈေးကွက်စတင်ထိုးဖောက် ရောင်းချနိုင်ခဲ့ပြီး တင်ပို့မှု ၏ (၄၈%) ခန့်ရှိကာ ဈေးနှုန်းအားဖြင့်လည်း တရုတ်ဈေးကွက် ရရှိဈေးနှုန်းထက် တစ်တန် ပျမ်းမျှ ဈေးနှုန်း (၃၀ မှ ၅၀ ထိ) ပိုမိုရရှိခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြောင်းတန်ချိန် စုစုပေါင်း (၁၇) သိန်းကျော် တင်ပို့မှုရှိရာ ကိုဗစ်-၁၉ ကာလတွင် တစ်ဖက် တရုတ်နိုင်ငံမှ ရောဂါကာကွယ်တားဆီးရေး အစီအစဉ်များကြောင့် ကုန်စည်စီးဆင်းမှု (Commodity Flow) လျော့နည်းကျဆင်းပြီး တရုတ်ဈေးကွက်သို့ တန်ချိန် (၁.၂) သိန်းသာ တင်ပို့နိုင်သော်လည်း မြဝတီနှင့် တာချီလိတ်စခန်းများမှ တစ်ဆင့်ထိုင်းနိုင်ငံသို့တိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် ထိုင်းဈေးကွက်သို့ တန်ချိန် (၁၆) သိန်းကျော် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၂၅) သန်းထိ ရရှိတင်ပို့နိုင်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံ၏ ပြောင်းကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး နယ်စပ်သာမက ပင်လယ်ရေကြောင်းမှတစ်ဆင့်ပါ တင်ပို့လျက်ရှိကြပါသည်။ ထိုင်းနိုင်ငံသည် ASEAN Free Trade Agreement အရ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း အကန့်အသတ်မရှိ ပြောင်းတင်သွင်းခွင့်နှင့် အခွန်ကင်းလွတ်ခွင့် ပေးထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းအများအပြား တင်ပို့နေပြီး အဆိုပါ တင်ပို့မှုသည် ထိုင်းနိုင်ငံမှ ပြောင်းတင်သွင်းမှု၏ (၉၉) ရာခိုင်နှုန်းခန့် ရှိပါသည်။ ထိုင်းနိုင်ငံသည် ရေမြေရာသီဥတုအခြေအနေကောင်းမွန်ခြင်းကြောင့် သီးနှံထိန်းသိမ်းစရိတ်များ လျော့နည်းပြီး ဝင်ငွေပိုမိုများပြားသဖြင့် တောင်သူများသည် ပြောင်းထက် ငွေပိုမိုရရှိသော စပါး၊ပီလောပီနံသီးနှံများကို ရွေးချယ်စိုက်ပျိုးလာကြပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် မလုံလောက်သည့်အတွက် ပြည်ပမှ အမြောက် အများတင်သွင်းရန် လိုအပ်နေဆဲဖြစ်ပါသဖြင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသည် ရေရှည်ဆက်အလားအလာကောင်းသည့် ဈေးကွက်တစ်ခု ဖြစ်ပါသည်။

၆။ ထို့အပြင် ပြောင်းအား ပင်လယ်ရေကြောင်းမှ ဈေးကွက်ရရှိတင်ပို့နိုင်မှုအနေဖြင့် ယခင်နှစ်များက တန်ချိန် (၇) သောင်းခန့်သာ တင်ပို့နိုင်ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် (၂) သိန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် (၆) သိန်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် (၂.၆) သိန်း၊ ၂၀၂၁-၂၀၂၂(Mini Budget) ဘဏ္ဍာနှစ်တွင် (၇.၅) သိန်း၊၂၀၂၂-၂၀၂၃ (၁၇.၂.၂၀၂၃) ယာယီ ဘဏ္ဍာနှစ်တွင် (၉) သိန်းသို့ အသီးသီးတိုးတက်လာကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊

အိန္ဒိယ၊ မလေးရှား၊ ဖိလစ်ပိုင်၊ UAE၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့မှုရှိကြောင်း တွေ့ရှိရပါသည်။ ပြောင်းသီးနှံအား ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(၃.၂.၂၀၂၃)ထိယာယီ ပြောင်းတင်ပို့မှုစာရင်း(ပင်လယ်ရေကြောင်း+နယ်စပ်)**

| စဉ် | ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၈-၂၀၁၉ | တန် | ၂၀၈၁၅၉.၂၈၅ | ၄၄.၇၃၇ | ၁၃၂၂၉၁၁.၄၁၂ | ၂၃၂.၃၄၃ | **၁၅၃၁၀၇၀.၆၉၇** |
| ၂ | ၂၀၁၉-၂၀၂၀ | တန် | ၅၉၅၉၉၉.၉၉ | ၁၂၅.၄၉၅ | ၁၆၂၆၀၂၉.၃၄ | ၂၄၂.၈၇၆ | ၂၂၂၂၀၂၉.၃၂၃ |
| ၃ | ၂၀၂၀-၂၀၂၁ | တန် | ၂၆၃၅၇၂.၈၂၃ | ၆၂.၇၁၃ | ၂၃၅၀၀၉၃.၈၁၇ | ၄၇၃.၆၂၂ | ၂၆၁၃၆၆၆.၆၄၀ |
| ၄ | ၂၀၂၁-၂၀၂၂ (Mini Budget) | တန် | ၇၅၅၅၁၃.၈၅၄ | ၁၈၅.၅၃၀ | ၇၆၆၄၃၁.၉၀၀ | ၁၈၂.၆၉၂ | ၁၅၂၁၉၄၅.၇၅၄ |

**Source: Customs**

**(ခ) ITC Trade Map မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့တင်ပို့သည့်နိုင်ငံများနှင့် ၂၀၁၇ မှ ၂၀၂၁ အထိ နိုင်ငံအလိုက်တင်ပို့သည့် တန်ဖိုးပြဇယား**

**Fig 5: List of importing markets for a product exported by Myanmar**

**Product: 100590 Maize (excluding seed for sowing)**

**Unit: US Dollar thousand**

| NO | Importer Countries | Exported value in 2017 | Exported value in 2018 | Exported value in 2019 | Exported value in 2020 | Exported value in 2021 |
|---|---|---|---|---|---|---|
| | World | 18881 | 63827 | 89923 | 249553 | 511883 |
| 1 | Thailand | 0 | 22 | 85191 | 223010 | 426544 |
| 2 | Philippines | 322 | 0 | 3151 | 7772 | 55319 |
| 3 | Viet Nam | 2857 | 0 | 69 | 3539 | 21703 |
| 4 | Bangladesh | 0 | 0 | 0 | 341 | 4036 |
| 5 | China | 13295 | 63774 | 722 | 10165 | 3962 |
| 6 | Taipei, Chinese | 650 | 0 | 72 | 52 | 186 |
| 7 | United States of America | 0 | 0 | 63 | 385 | 88 |
| 8 | Singapore | 294 | 0 | 43 | 40 | 45 |
| 9 | Sri Lanka | 0 | 0 | 21 | 0 | |
| 10 | Hong Kong, China | 39 | 31 | 63 | 63 | |
| 11 | Lao People's Democratic Republic | 0 | 0 | 81 | 0 | |
| 12 | Malaysia | 1423 | 0 | 1 | 34 | |
| 13 | India | 0 | 0 | 426 | 4153 | |
| 14 | United Arab Emirates | 0 | 0 | 21 | 0 | |

**Source: ITC Trade Map**

## (ဂ) မြန်မာနိုင်ငံမှပြောင်းဖူးစေ့တင်ပို့သည့်နိုင်ငံများနှင့် ၂၀၁၇မှ ၂၀၂၁အထိ နိုင်ငံအလိုက်တင်ပို့သည့် ပမာဏပြဇယား

| No | Importer Countries | 2017 | 2018 | 2019 | 2020 | 2021 |
|---|---|---|---|---|---|---|
| | | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons |
| 1 | World | 89649 | 49391 | 454635 | 679961 | No Quantity |
| 2 | Thailand | | 100 | 433021 | 576378 | 514059 |
| 3 | Philippines | 1838 | | 15101 | 35485 | 229622 |
| 4 | Viet Nam | 15164 | | 336 | 15519 | 92086 |
| 5 | Bangladesh | | | | 1564 | 15650 |
| 6 | China | 59555 | 49176 | 2801 | 29536 | 10953 |
| 7 | Taipei, Chinese | 2345 | | 384 | 240 | 728 |
| 8 | Singapore | 1595 | | 102 | 164 | 184 |
| 9 | United States of America | | | 11 | 1513 | No Quantity |
| 10 | Sri Lanka | | | 94 | | |
| 11 | Hong Kong, China | 181 | 115 | 295 | 276 | |
| 12 | Lao People's Democratic Republic | | | 400 | | |
| 13 | Malaysia | 8972 | | 2 | 145 | |
| 14 | India | | | 1996 | 19140 | |
| 15 | United Arab Emirates | | | 92 | | |

Source: ITC Trade Map

**မြန်မာနိုင်ငံမှထိုင်းနိုင်ငံသို့ပြောင်းတင်ပို့မှု**

၇။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ ပြောင်းတင်သွင်းမှုအများဆုံးဖြစ်ပြီး၊စုစုပေါင်းတင်သွင်းမှု၏ (၈၅%) ကို မြန်မာနိုင်ငံမှ တင်သွင်းပါသည်။ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည်ဆိုပါက လိုက်နာရမည့် အချိန်ကန့်သတ်ချက်ရှိပါသည်။ ပြောင်းကို (ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ) တင်သွင်းခွင့်ပြု ထားပြီး အဆိုပါကာလများတွင် တင်သွင်းမည်ဆိုပါက အကောက်ခွန်သက်သာခွင့် Form D ဖြင့် Duty Free Quota Free ဖြင့် တင်သွင်းခွင့် ရရှိမည်ဖြစ်ပြီး၊သတ်မှတ်ကာလမဟုတ်ပါက အမြင့်ဆုံးအခွန်အဖြစ်(၇၃%) ကောက်ခံပါသည်။ထိုင်းနိုင်ငံသို့တင်သွင်းသည့် ပြောင်းကို တိရစ္ဆာန် အစားအစာ ကုန်ကြမ်းဖြစ်သော (HS Code 1005.90.90) သာခွင့်ပြုပြီး သက်ဆိုင်ရာနိုင်ငံ၏ လူ၊ တိရစ္ဆာန်၊အပင်နှင့် သဘာဝပတ်ဝန်းကျင်အတွက် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အသိအမှတ်ပြု ထောက်ခံချက်လက်မှတ်ပါရှိပါသည်။မြန်မာ့ပြောင်းဖူးစေ့ ထိုင်းနိုင်ငံသို့တင်ပို့မှုနှင့် ထိပ်တန်း (၁၀) နိုင်ငံမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 3 : Top 10 Importers of Myanmar in 2021**

| No | Importer Countries | Value Imported in 2021(US$,000) | Quantity Imported in 2021 (Tons) | Unit Value $ /Ton | Market Share % |
|---|---|---|---|---|---|
| | World | 511883 | 0 | | 100 |
| 1 | Thailand | 426544 | 514059 | 830 | 83.3 |
| 2 | Philippines | 55319 | 229622 | 241 | 10.8 |
| 3 | Viet Nam | 21703 | 92086 | 236 | 4.2 |
| 4 | Bangladesh | 4036 | 15650 | 258 | 0.8 |
| 5 | China | 3962 | 10953 | 362 | 0.8 |
| 6 | Taipei, Chinese | 186 | 728 | 255 | 0 |
| 7 | United States of America | 88 | 0 | | 0 |
| 8 | Singapore | 45 | 184 | 245 | 0 |
| 9 | Malaysia(Mirror) | 463 | 1750 | 265 | 0,1 |
| 10 | Hong Kong Chinese(mirror) | 184 | 496 | 371 | 0 |

Source : ITC Trade Map

၈။ ၂၀၂၁ ခုနှစ်တွင် မြန်မာ့ ပြောင်းဖူးစေ့ အများဆုံးတင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ ITC Trade Map အရ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ တိုင်ပေ (တရုတ်)၊ အမေရိကန်၊ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင် (တရုတ်) တို့ဖြစ်ကြသည်။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းဖူးစေ့ အမေရိကန်ဒေါ်လာ ၄၂၆ ဒသမ ၅၄၄ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၅၁၄၀၅၉ တန်အများဆုံးတင်ပို့ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ကန်ဒေါ်လာ ၅၅ ဒသမ ၃၁၉ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၂၂၉၆၂၂ တန်ဖြင့် ဒုတိယအများဆုံး၊ ဗီယက်နမ်နိုင်ငံသို့ ကန်ဒေါ်လာ ၂၁ ဒသမ ၇၀၃ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၉၂၀၈၆ တန်ဖြင့် တတိယအများဆုံး တင်ပို့ထားကြောင်း တွေ့ရှိရပါသည်။

**ဘဏ္ဍာနှစ်အလိုက် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်)**

**တန်ဖိုး-ဒေါ်လာ(သန်း)**

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | မတန် | ၆၃၃၀၄၃.၀၇၂ | ၉၇.၇၄၂ |
| ၂ | ၂၀၁၉-၂၀၂၀ | မတန် | ၁၆၂၅၆၄၃.၁၂၁ | ၂၄၉.၀၃၇ |
| ၃ | ၂၀၂၀-၂၀၂၁ | မတန် | ၂၂၅၀၃၃၁.၄၁၇ | ၄၅၈.၆၁၄ |
| ၄ | ၂၀၂၁-၂၀၂၂ | မတန် | ၇၃၆၀၈၁.၇၅၀ | ၁၇၉.၄၄၉ |
| ၅ | ၂၀၂၂-၂၀၂၃ | မတန် | ၇၇၁၂၅၉.၀၉၂ | ၂၄၂.၃၇၇ |

**Source: Customs**

**ပြည်ပသို့ ပြောင်းတင်ပို့ရာ၌ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲရမည့် စာရွက်စာတမ်း**

၉။ ပြည်ပသို့ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတင်ပို့လျှင်-

(က) ပင်လယ်ရေကြောင်း

- ကုမ္ပဏီ၏ Letter Head ဖြင့်လျှောက်လွှာပါရှိရမည်။
- ကုမ္ပဏီ၏ Letter Head ဖြင့် Proforma Invoice ပါရှိရမည်။
- လျှောက်ထားသည့်ပြောင်းများအား ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)၏ FOB (YGN) (၂)ပတ်အတွင်းဈေးဖြင့် ကိုက်ညီမှုရှိရမည်။

( ခ ) နယ်စပ်

- ကုမ္ပဏီ၏ Letter Head ဖြင့်လျှောက်လွှာပါရှိရမည်။
- ကုမ္ပဏီ၏ Letter Head ဖြင့် Proforma Invoice ပါရှိရမည်။
- လျှောက်ထားသည့်ပြောင်းများအား ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)၏ FOB (YGN) (၂)ပတ်အတွင်းဈေးဖြင့် ကိုက်ညီမှုရှိရမည်။

  Advanced (TT) စနစ် Bank Crited ပါရှိရမည်။

**ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့နေသည့်နိုင်ငံများ**

၁၀။ ၂၀၂၁ ခုနှစ်စာရင်းအရ ပြောင်းဝယ်ယူတင်သွင်းနေသောနိုင်ငံများ

**(List of supplying markets for the product imported by Thailand in 2021**

Product: 100590 Maize (excluding seed for sowing)

| Exporters | Value imported in 2021 (USD thousand) | Share in Thailand's imports (%) | Quantity imported in 2021 | Unit value (USD/unit) |
|---|---|---|---|---|
| World | 403527 | 100 | 1844224 | 219 |
| Myanmar | 392138 | 97.2 | 1792052 | 219 |
| South Africa | 2868 | 0.7 | 4546 | 631 |
| Lao People's Democratic Republic | 2531 | 0.6 | 17265 | 147 |
| Cambodia | 1277 | 0.3 | 5665 | 225 |
| United States of America | 1156 | 0.3 | 1700 | 680 |
| Argentina | 228 | 0.1 | 329 | 693 |

Source: ITC Trade Map

၁၁။ ၂၀၂၁ ခုနှစ်တွင် (HS-Code 100590) ပြောင်းဖူးစေ့အား ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သော နိုင်ငံများမှာ မြန်မာ၊ ထိုင်း၊ တောင်အာဖရိက၊ လာအို၊ ကမ္ဘောဒီးယား၊ အမေရိကန်၊ အာဂျင်တီးနားတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံက ကန်ဒေါ်လာ ၃၉၂ ဒသမ ၁၃၈ သန်းဖိုးနှင့် အရေအတွက်တန်ချိန် (၁၇၉၂၀၅၂) တန်ဖြင့် အများဆုံး တင်ပို့ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၉၇ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားသည်။

**ထိုင်းနိုင်ငံ၏ ပြောင်းသီးနှံတင်သွင်းမှုဆိုင်ရာမူဝါဒ**

၁၂။ ထိုင်းနိုင်ငံအနေဖြင့် ပြောင်းသီးနှံ တင်သွင်းမှုအတွက် WTO Agreement အရ Quota စနစ်အား ချမှတ်ထားကြောင်း၊ Quota တန်ချိန်အနေဖြင့် တစ်နှစ်လျှင် တန်ချိန် (၅၄,၇၀၀) သတ်မှတ်ထားပြီး Tariff rate မှာ ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ Out of Quota အနေဖြင့် တင်သွင်းမှု Tariff rate မှာ ၇၃ ရာခိုင်နှုန်းဖြစ်ပြီး၊ Extra Fee (Surcharge) အနေဖြင့် မက်ထရစ်တစ်တန်လျှင် ဘတ်ငွေ (၁၈၀) ကျသင့်မည်ဖြစ်ပါကြောင်း သတ်မှတ်ခွင့်ပြုပေးခဲ့ပါသည်။

၁၃။ ထို့ပြင် အာဆီယံ AFTA အရ နှစ်စဉ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ (Tariff Rate) အခွန် သုညနှုန်းဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် အခွန်ကင်းလွတ်သက်သာခွင့်အတွက် Form-D နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ Phytosanitary Certificate များနှင့်အတူ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ပါကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့အထိ ခွင့်ပြုပေးခဲ့ပါသည်။

၁၄။ ယခုအခါ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Asean Free Trade Agreement အရ ပြောင်း (Harmonized Code 1005.90.90) အား တိရစ္ဆာန်အစာအဖြစ် ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းနိုင်ရန်အတွက် အတည်ပြု ပို့ကုန်တင်ပို့သူ (Certified Exporters) များအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းအား တိရစ္ဆာန်အစာအဖြစ် တင်ပို့ရန်အတွက် အာဆီယံ Regional Self Certification System စနစ်ပါ လုပ်ထုံးလုပ်နည်းအတိုင်း Commercial Invoice၊ Billing Statement၊ Delivery order၊ Packing list စသည်တို့အား ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တင်ပို့သော ကုန်စည်များအတွက် အကောက်ခွန် သက်သာခွင့် ခံစားနိုင်ရေး အတွက် Form-D၊ E-Form D နှင့် လူ၊ တိရစ္ဆာန်၊ အပင်ကျန်းမာရေးအတွက် အစားအစာ ဘေးကင်းလုံခြုံကြောင်း သက်ဆိုင်ရာဌာန၏ Phytosanitary Certificate ထောက်ခံချက်နှင့် အတူ နှစ်စဉ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ (Tariff Rate) အခွန် သုညနှုန်းဖြင့် ယခု ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ထိုင်းနိုင်ငံအတွင်းသို့ ပြောင်းသီးနှံအား တိရစ္ဆာန်အစာအဖြစ်

တင်သွင်းနိုင်ပါကြောင်း၊ ယခု ထုတ်ပြန်ကြေညာ ချက်သည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စတင်၍ အသက်ဝင်မည် ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ပေးခဲ့ပါသည်။

၁၅။ ပြောင်းတင်ပို့သည့်ကုမ္ပဏီများအပြင် ပြောင်းစိုက်သူများအနေဖြင့်လည်း မြဝတီမြို့ရှိ ပြောင်းအဝယ်ဒိုင်များနှင့်လည်း ချိတ်ဆက်၍ တင်ပို့ရောင်းချနိုင်ပါကြောင်း၊ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ပြောင်းအား တိရစ္ဆာန်အစာအဖြစ် တင်သွင်းခွင့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါသည်။

**ပြောင်းအတွက် ထိုင်းနိုင်ငံမှကောက်ခံလျက်ရှိသော ပုံမှန်အကောက်ခွန်နှုန်းထားများနှင့် အကောက်ခွန်သက်သာခွင့် နှုန်းထားများ**

**(က) ပင်ရင်းနိုင်ငံစည်းမျဉ်း သတ်မှတ်ချက်များနှင့် အကောက်ခွန်သက်သာခွင့်များ**

၁၆။ မြန်မာနိုင်ငံပါဝင်အကောင်အထည်ဖော်ဆောင်လျက်ရှိသောလွတ်လပ် ကုန်သွယ်မှုဒေသ သဘောတူစာချုပ်များ၏ ပင်ရင်းနိုင်ငံစည်းမျဉ်း ပြဋ္ဌာန်းချက်များအရ ဆန်၊ ပဲတီစိမ်း၊ ပြောင်းနှင့်ငါးများ အတွက် ပင်ရင်းနိုင်ငံစည်းမျဉ်းကို ရာနှုန်းပြည့် ထုတ်ကုန် (Wholly Obtained or Produced) ဖြစ်ရန် သတ်မှတ်ထားပါသည်။ ထို့အပြင် တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်အစီအစဉ်များတွင်လည်း အဆိုပါကုန်စည်များကို ရာနှုန်းပြည့် ထုတ်ကုန်များ (Wholly Obtained or Produced) အဖြစ်သတ်မှတ်ထားပါသည်။

၁၇။ စာချုပ်ဝင်ကုန်တင်ပို့နိုင်ငံ (သို့)အကောက်ခွန်သက်သာခွင့် ခံစားခွင့်ရှိသည့် ကုန်တင်ပို့နိုင်ငံအတွင်း ထုတ်လုပ်လိုက်သော ကုန်စည်သည် အောက်ပါအခြေအနေများတွင် သက်ဆိုင်ရာ ပင်ရင်းမှတ်ကျောက်နှင့်ကိုက်ညီသည့် ပင်ရင်းထုတ်ကုန်(Originating Goods) အဖြစ် အကောက်ခွန်သက်သာခွင့် ခံစားရရှိမည်ဖြစ်ပါသည်-

(က) ၎င်းကုန်တင်ပို့နိုင်ငံအတွင်းမှ ရာနှုန်းပြည့်ထုတ်ယူရရှိသည့် ကုန်စည်များ -ဥပမာ) နိုင်ငံပိုင်နက်အတွင်း စိုက်ပျိုးရရှိသော လယ်ယာထွက်ကုန်များ၊ ထုတ်ယူရရှိသော သဘာဝ သယံဇာတများ၊ မွေးမြူကြီးပြင်းသော တိရိစ္ဆာန်များ၊

(ခ) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံထက်ပိုသော အခြားစာချုပ်ဝင်အဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းသော ပင်ရင်းကုန်စည်(Originating Goods) များနှင့် ပေါင်းစပ်ထုတ်လုပ်ထားသော ကုန်စည်၊

(ဂ) စာချုပ်ဝင်မဟုတ်သည့် အခြားနိုင်ငံများမှ တင်သွင်းသောကုန်ကြမ်းများနှင့် သိသာထင်ရှားစွာ ပြောင်းလဲအောင်(သို့) လုံလောက်စွာ ပြုပြင်ပြောင်းလဲအောင် ထုတ်လုပ်ထားသောကုန်စည်။

၁၈။ တင်ပို့ကုန်စည်သည် အကောက်ခွန်သက်သာခွင့်ရရှိရန် ဆန်၊ ပဲတီစိမ်း၊ ပြောင်းနှင့်ငါးများအတွက် ရာနှုန်းပြည့် ပြည်တွင်းထုတ်ကုန်အဖြစ် သတ်မှတ်ထားရာ အဆိုပါကုန်စည်များသည် နိုင်ငံအတွင်း စိုက်ပျိုးရိတ်သိမ်းရရှိသော လယ်ယာထွက်ကုန်များ (သို့) မွေးမြူကြီးပြင်းသော တိရိစ္ဆာန်များဖြစ်ရန် လိုအပ်ပါသည်။

**( ခ ) သွင်းကုန်ခွန်လေ့လာချက်**

Tariff Rate of Maize (excluding seed for Sowing)

| Partner | Tariff regions | Applied tariff (as reported) |
|---|---|---|
| Thailand | MFN duties (Applied) | 2.75 Baht/kg |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |

Source: ITC Trade Map

၁၉။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် ထိုင်းက MFN duties တစ်ကီလိုဂရမ်ကို ၂ ဒသမ ၇၅ ဘတ်နှုန်း၊ ASEAN countries, LDC countries သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

၂၀။ ပြောင်းသီးနှံထုတ်လုပ်မှုသည် ပြည်တွင်းသုံးစွဲမှုထက်ပိုလျှံပြီး ပြည်ပသို့တင်ပို့နေရသည့် သီးနှံဖြစ်သော်လည်း ပြည်တွင်းအစာစပ်စက်ရုံများ အလုံအလောက်ဝယ်ယူရရှိနိုင်ရေးကို မူဝါဒတစ်ရပ်ချမှတ်ဆောင်ရွက်သင့်ပြီး ထိုသို့မူဝါဒချမှတ်ဆောင်ရွက်ရာတွင် ဈေးနှုန်းကန့်သတ်ခြင်း၊ ပို့ကုန်သတ်မှတ်ခြင်းများပြုလုပ်ပါက ပြောင်းစိုက်ပျိုးထုတ်လုပ်သူ တောင်သူများကို များစွာထိခိုက်နစ်နာစေနိုင်သဖြင့် ထိုကဲ့သို့ ဆောင်ရွက်မည့်အစား ပြောင်းထွက်ပေါ်လာသည့် ရာသီကာလတွင် ပြည်ပတင်ပို့မှု အခိုက်အတန့် ဆိုင်းငံ့ပေးသည့်နည်းလမ်းသည် အဆင်ပြေနိုင်ပါ

ကြောင်း၊အစေ့ထုတ်ပြောင်းသည် တိရစ္ဆာန်အစားအစာအဖြစ် လိုအပ်ချက်ရှိနေသော တရုတ်နှင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ရသည့်အတွက် သီးနှံဈေးနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၁။ အစေ့ထုတ်ပြောင်းဈေးနှုန်းတည်ငြိမ်ရေး၊ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများအနေဖြင့် သင့်တင်သောအကျိုးအမြတ်ရရှိရေး၊ ပြောင်းသီးနှံ ကဏ္ဍတစ်ခုလုံးတွင် ပါဝင်သော ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း၊ဝယ်ယူခြင်း၊သယ်ယူခြင်း၊သိုလှောင်ခြင်း၊ကြိတ်ခွဲခြင်း၊ဖြန့်ဖြူးရောင်းချခြင်း၊တင်ပို့ခြင်း စသည့် Transaction မျိုးစုံတွင် စရိတ်စကလျော့ကျအောင် ဆောင်ရွက်ရေး၊အထွက်နှုန်းတိုးတက်ရေး၊ဈေးကွက်ကို Diversification အဖြစ် များပြားကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး စသည့်အချက်များကို Public Private Partnership (PPP) အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမှသာ Maize Industry တစ်ခုလုံးတိုးတက်မည်ဖြစ်ပါသည်။ အစေ့ထုတ်ပြောင်းသည် ကိုင်တွယ်ထိန်းသိမ်းခြင်း၊အခြောက်ခံခြင်း၊ ပိုးသတ်ခြင်း၊ ထုပ်ပိုးခြင်း၊သိုလှောင်ခြင်းတို့တွင် အသိပညာနှင့်နည်းပညာပိုင်းပါလိုအပ်သဖြင့် တောင်သူ၊ကုန်သည်နှင့်တင်ပို့သူများအတွက်အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းနှင့် ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရေတို/ရေရှည်စီမံချက်များချမှတ်ပြီး မူဝါဒများကို စနစ်တကျရေးဆွဲ၍ အားထည့်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။